**Republic of the Union of Myanmar**

**State Administration Council**

# Second Amendment Law to Counter-Terrorism Law

**State Administration Council Law No 56/2024**

**9th Waning of Tawthalin 1386 ME**

26 September 2024

The State Administration Council has enacted this Law under Section 419 of the Constitution of the Republic of the Union of Myanmar.

1. This Law shall be called the Second Amendment Law to the Counter-Terrorism Law.

2. Sub-Section (d) of Section 6 of the Counter-Terrorism Law shall be substituted as follows: –

" (d) adopting necessary measures, for prevention, removal and dismantling of weapons of mass destruction which include biological, chemical and nuclear weapons and radioactive materials, as well as financial support for the above matters which encroach on international peace, security and stability; according to the resolutions of the United Nation Security Council.

3. Section 53 of the Counter-Terrorism Law shall be substituted as follows: –

53. "Whoever violates any prohibition of the Law, rules and regulations, notifications, orders, directives and procedures, fails to follow any fixed duties, be punished with imprisonment of no more than two years or shall also be liable to a fine no more than K10 million or shall be punished with imprisonment and fine. If the company or organization violates, they shall be liable to a fine from a minimum of K20 million to a maximum of K300 million."

I hereby sign under Section 419 of the Constitution of the Republic of the Union of Myanmar.

**Min Aung Hlaing**

**Senior General**

**Chairman**

**State Administration Council**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၆ / ၂၀၂၄)

၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်

( ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်တည်ငြိမ်ရေးကို ခြိမ်းခြောက်သည့် ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ ပါဝင်သည့် အဖျက်စွမ်းအားကြီးမားသော လက်နက်များအား တားဆီးကာကွယ်ရေး ဖယ်ရှားရေးနှင့် ဖျက်ဆီးရေးတို့အတွက်လည်းကောင်း၊ လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုနှင့်သက်ဆိုင်သည့် ဘဏ္ဍာရေးအရ အရေးယူဆောင်ရွက်ရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့အတွက်လည်းကောင်း အစီအမံများချမှတ်ခြင်း။"

၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ဆောင်ရွက်ရန် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်လျှင်သော်လည်းကောင်း ထိုသူကို နှစ်နှစ်ထက်

မဝိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းက ပြစ်မှုကျူးလွန်ခြင်းဖြစ်လျှင် ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို အနည်းဆုံး ကျပ်သိန်းနှစ်ရာမှ အများဆုံး ကျပ်သိန်းသုံးထောင်အထိ ငွေဒဏ်ချမှတ်ရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ